ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ

UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

# တပြည်လုံးအတိုင်းအတာဖြင့်အပစ်အခတ်ရပ်စဲရေး ထပ်မံလက်မှတ်ရေးထိုးရန်ကိစ္စနှင့်ပတ်သက်၍-

၁။ အစိုးရနှင့်အပစ်အခတ်ရပ်စဲထားပြီးသောအဖွဲ့အစည်းအားလုံးတို့သည် သက်ဆိုင်ရာပြည်နယ်အဆင့်တွင် လည်းကောင်း၊ ပြည်ထောင်စုအဆင့်နှင့်လည်းကောင်း အပစ်အခတ်ရပ်စဲကြောင်း သဘောတူ လက်မှတ်ရေးထိုး ခဲ့ကြပြီးဖြစ်ပါသည်။ ထိုသို့သဘောတူလက်မှတ်ရေးထိုးထားကြပြီးဖြစ်ပါလျှက် ယခုတဖန် ထပ်မံ၍ တပြည်လုံးအတိုင်းအတာဖြင့် အပစ်ရပ်စဲရေးလက်မှတ်ရေးထိုးရန် အဘယ်ကြောင့် လိုအပ်လာပြန်သနည်း။ ဤကိစ္စအပေါ် ရှင်းရှင်းလင်းလင်း သိလိုပါသည်။

၂။ (UNFC) နှင့် အဖွဲ့ဝင်အဖွဲ့အစည်းများသည် အစိုးရနှင့်အပစ်အခတ်ရပ်စဲရေးဆွေးနွေးကြရာတွင် အစိုးရအား တပြည်လုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေးလုပ်ဆောင်ရန်တောင်းဆိုခဲ့ကြသည်။ ဤသို့တောင်းဆိုရခြင်းသည် အစိုးရဘက်မှတော်လှန်ရေးအဖွဲ့အချို့နှင့်အပစ်ရပ်ထားပြီး ကျန်အဖွဲ့အချို့အား တိုက်ခိုက်နေခြင်းမျိုး မဖြစ်စေရန် ရည်ရွယ်ခြင်းဖြစ်သည်။ ထို့ကြောင့် အစိုးရဘက်မှ ထိုသို့သောရည်ရွယ်ချက်မျိုး မရှိကြောင်းကို ဖေါ်ပြသည့်အနေဖြင့် တပြည်လုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲကြောင်း သဘောထားတရပ်ကို ထုတ်ပြန်ကျေညာပေးရန် မိမိတို့ဘက်မှ တောင်းဆိုပါသည်။

၃။ အစိုးရနှင့်တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းအချို့အကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီမှု လက်မှတ်ရေးထိုးထားပြီးဖြစ်ပါလျက် အကြိမ်ပေါင်းများစွာ တိုက်ခိုက်နေကြခြင်းသည် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုအပေါ် ယုံကြည်မှုများစွာ လျော့ကျစေပါသည်။ တဖက်တွင် ဗမာ့တပ်မတော်နှင့် အစိုးရအကြား ဆက်စပ်နားလည်မှု ပျက်ပြားနေသလားဟုလည်း ထင်မှတ်ဘွယ်ရာဖြစ်စေပါသည်။ ထို့ကြောင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီကြပြီဆိုလျှင် ခိုင်ခိုင်မာမာ ဖြစ်စေလိုသည်။

၄။ တဘက်နှင့်တဘက်အပစ်ရပ်ကြပြီဆိုပါလျှင် လွယ်လွယ်နှင့်ပြန်လည်တိုက်ခိုက်ကြခြင်းမျိုး မဖြစ်ပေါ်စေရန် တပ်နေရာချထားရေး တပ်လှုပ်ရှားဂွင်သတ်မှတ်ရေး တပ်ဖွဲ့ဝင်များလိုက်နာရန် စည်းမျဉ်းစည်းကမ်း သတ်မှတ်ရေးများကို ခိုင်ခိုင်မာမာ သတ်မှတ်ထားရှိရန်လိုပါသည်။ ထိုသို့အခိုင်အမာမရှိပါက အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်သည် အဓိပါယ်ကင်းမဲ့နေပါလိမ့်မည်။

၅။ အပစ်အခတ်ရပ်စဲရေးသည် တိုက်ခိုက်နေကြသူများအကြား ပြေလည်မှုရရှိရေးအတွက် နိုင်ငံရေးပြဿနာများကို ဆွေးနွေးဖြေရှင်းနိုင်ရန် ဖြစ်ရမည်။ အပစ်ရပ်ခြင်းသည် ပြန်လည်တိုက်ခိုက်ကြရန်အတွက် အားမွေးသည့်သဘော၊ တဘက်ကိုတဘက် အမြတ်ထုတ်နိုင်ရန် လှည့်စားသည့်သဘော မဖြစ်စေလိုပါ။ နိုင်ငံရေးပြဿနာများကို မဖြေရှင်းနိုင်ပါက ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း စိတ်ချယုံကြည်စွာ လုပ်ဆောင်နိုင်မည်လည်း မဟုတ်ပါ။ ထို့ကြောင့် နိုင်ငံရေးပြဿနာများကို ဆွေးနွေးဖြေရှင်းရန် ခိုင်မာသည့်သဘောတူညီချက်များ ရရှိရေးအတွက် ညှိနှိုင်းလုပ်ဆောင်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း မိမိတို့သဘောထားအမြင်ကို တင်ပြလိုပါသည်။